# လူသားချင်းစာနာမှုဆိုင်ရာ သတင်းလွှာ
## မြန်မာနိုင်ငံ

စာစဉ် ၄ ၂၀၁၆ | အောက်တိုဘာ ၂၀၁၆ - ဇန်နဝါရီ ၂၀၁၇

OCHA

## ဤစာစဉ်တွင်

ရခိုင်ပြည်နယ်တွင်း လူသားချင်းစာနာမှုဆိုင်ရာ အခြေအနေများ စာ-၁
ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တွင်း ပဋိပက္ခများ စာ-၅
မြေမြှုပ်မိုင်းဒဏ် ခံစားခဲ့ရသူများအတွက် ပြန်လည် ထူထောင်ရေး စင်တာအသစ် စာ-၇
ကုလသမဂ္ဂ၏ အရေးပေါ်ကယ်ဆယ်တုံ့ပြန်ရေးဆိုင်ရာ အကြီးအကဲ မြန်မာနိုင်ငံသို့ လာရောက် စာ-၈
၂၀၁၇ ခုနှစ် လူသားချင်းစာနာမှုဆိုင်ရာ တုံ့ပြန်ရေး စီမံကိန်း စာ-၉


လူသားချင်းစာနာမှုဆိုင်ရာ ညှိနှိုင်းရေးရုံး

## အဓိကအချက်များ

- သွားလာခွင့်အကန့်အသတ်များကြောင့် ရခိုင်ပြည်နယ် မြောက်ပိုင်းတွင် လူသားချင်းစာနာမှုအကူအညီပေးရေးလုပ်ငန်းများ နှောင့်နှေး။
- တိုက်ပွဲများ အရှိန်အဟုန် မြင့်လာမှုကြောင့် ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တွင် အရပ်သားများလုံခြုံရေးအန္တရာယ်များ ကြုံတွေ့နေရပြီး၊နေရပ်စွန့်ခွာတိမ်းရှောင်မှုများဖြစ်ပေါ်စေ။
- အရေးပေါ်အခြေအနေ ကယ်ဆယ် တုံ့ပြန်ရေးဆိုင်ရာ ညှိနှိုင်းရေးမှူး မြန်မာနိုင်ငံသို့ လာရောက်ခဲ့ပြီး၊ လူသားချင်းစာနာမှုဆိုင်ရာ အကူအညီများပေးအပ်နိုင်ရန် သွားလာခွင့် ပိုမိုရရှိရေးနှင့် အရပ်သားများအား ကာကွယ်စောင့်ရှောက်ရေးကို တိုးမြှင့် ဆောင်ရွက်ရန် တောင်းဆို။
- ၂၀၁၇ခုနှစ် လူသားချင်းစာနာမှုဆိုင်ရာ တုံ့ပြန်ဆောင်ရွက်ရေး စီမံကိန်းမှ အကူအညီလိုအပ်နေသူ ၅၂၅,၀၀၀ အား အကူအညီများပေးအပ်နိုင်ရန် အမေရိကန်ဒေါ်လာ သန်း ၁၅၀တောင်းခံခဲ့။

## အဓိကကိန်းဂဏန်းများ*

| | |
|---|---|
| ကချင်ရှိနေရပ်စွန့်ခွာ တိမ်းရှောင်သူများ | ၈၇,၀၀၀ |
| ရှမ်းရှိနေရပ်စွန့်ခွာ တိမ်းရှောင်သူများ | ၁၁,၀၀၀ |
| ရခိုင်ရှိနေရပ်စွန့်ခွာ တိမ်းရှောင်သူများ | ၁၂၀,၀၀၀ |
| နေရပ်စွန့်ခွာရမှုမရှိ သော်လည်းထိခိုက်မှုရှိသူများ | ၃၀၇,၀၀၀ |

## ၂၀၁၆ခုနှစ် ရန်ပုံငွေ

**၁၉၀ သန်း**
(အမေရိကန်ဒေါ်လာ)တောင်းခံခဲ့
**၅၅ %** ရရှိခဲ့

## ၂၀၁၇ခုနှစ် ရန်ပုံငွေ

**၁၅၀ သန်း**
(အမေရိကန်ဒေါ်လာ)တောင်းခံထား
**၃%** ရရှိပြီး

*မူလရှိနေပြီးသော နေရပ်စွန့်ခွာတိမ်းရှောင်သူ စခန်းများ/ယာယီနေရာများရှိ လူဦးရေ။ လတ်တလော ဖြစ်ပေါ်သော နေရပ်စွန့်ခွာတိမ်းရှောင်မှုများ မပါဝင်ပါ။

## ရခိုင်ပြည်နယ်မြောက်ပိုင်းရှိ ရဲတပ်စခန်းများအား အောက်တိုဘာလအတွင်းက ဝင်ရောက်တိုက်ခိုက်မှုများ ဖြစ်ပွားခဲ့ပြီးနောက် အနည်းဆုံး လူဦးရေ ၉၂,၀၀၀ ခန့် နေရပ်စွန့်ခွာ တိမ်းရှောင်ခဲ့ရ

၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၉ရက်နေ့တွင် ရဲတပ်ဖွဲ့ဝင် (၉) ဦး အသက်ဆုံးရှုံးခဲ့ရသည့် ရခိုင်ပြည်နယ်၊ နယ်ခြားစောင့်ရဲစခန်းများ တိုက်ခိုက်ခံရမှုများနှင့် နောက်ဆက်တွဲ လုံခြုံရေးဆောင်ရွက်မှုများကြောင့် ရခိုင်ပြည်နယ်တွင်လူသားချင်းစာနာမှုဆိုင်ရာအကူအညီများလိုအပ်သည့် အခြေအနေများထပ်မံဖြစ်ပေါ်လာခဲ့ပါသည်။ အနည်းဆုံး လူဦးရေ ၉၂,၀၀၀ ခန့်မှာ ၎င်းတို့၏ အိုးအိမ်များကို စွန့်ခွာထွက် ပြေးခဲ့ရပြီး၊ အိုးအိမ်အဆောက်အအုံပေါင်း ရာနှင့် ချီ၍ မီးလောင် ပျက်စီးခဲ့ကာ၊ လူပေါင်းများစွာ သေဆုံးမှုများရှိခဲ့ပြီး၊ ပြင်းထန်သော လူ့အခွင့်အရေးချိုးဖောက်မှုများနှင့် စပ်လျဉ်းသည့်စွပ်စွဲချက်များထွက်ပေါ်လာခဲ့ပါသည်။ နိုင်ငံတော်အစိုးရမှ သွားလာခွင့်များ ကန့်သတ်ထားသည့် အတွက်ကုလသမဂ္ဂအနေဖြင့်အဆိုပါအခွင့်အရေးချိုးဖောက်မှုဆိုင်ရာအခြေအနေများကိုလွတ်လပ်စွာစုံစမ်း အတည် ပြုနိုင်ခြင်းမရှိသေးပါ။ ဘင်္ဂလားဒေ့ရှ်နိုင်ငံရှိ ကုလသမဂ္ဂအဖွဲ့အစည်းများ၏ ခန့်မှန်းထုတ်ပြန်ချက်အရ ယင်းတိုက်ခိုက်မှုများဖြစ်ပွားပြီးနောက် လူပေါင်း ၆၉,၀၀၀ ခန့်သည် နယ်စပ်ဖြတ်ကျော်၍ ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင်းသို့ ထွက်ပြေး တိမ်းရှောင်ခဲ့ပြီး၊ လူဦးရေ ၂၃,၀၀၀ ကျော် (အမျိုးသမီး/မိန်းကလေးငယ် ၁၂,၃၀၀ ကျော်၊ အမျိုးသား/ ယောကျာ်း လေး ၁၁,၁၀၀ ကျော်)မှာ မောင်တောဒေသ မြောက်ပိုင်းတွင် ဆက်လက် နေရပ်စွန့်ခွာတိမ်းရှောင် လျက်ရှိသည်ဟု ကုလသမဂ္ဂမှခန့်မှန်းပါသည်။ ထိုနေရပ်စွန့်ခွာတိမ်းရှောင်သူများတွင် အများစုသည် ၎င်းတို့ကိုယ်ကို ရိုဟင်ဂျာဟု ခေါ်ကြသည့် မွတ်စလင် များဖြစ်ကြပြီး ၊ အခြားလူမျိုးများမှာလည်း နေရပ်စွန့်ခွာ တိမ်းရှောင်ခဲ့ကြရပါသည်။ နေရပ် စွန့်ခွာ တိမ်းရှောင်ခဲ့ရသည့် ရခိုင် နှင့် မြိုလူမျိုး အများစုမှာယခုအခါတွင် ၎င်းတို့ ကျေးရွာများသို့ပြန်သွားနိုင်ခဲ့ကြသော်လည်း၊ မောင်တောနှင့် ဘူးသီး တောင်တွင် ရခိုင် နှင့် မြို လူမျိုး (၂၇၂) ဦး ခန့် ဆက်လက် နေရပ်စွန့်ခွာတိမ်းရှောင်ဆဲဖြစ်ပါသည်။ ရခိုင်ပြည်နယ်မြောက်ပိုင်းတွင် လုံခြုံရေး ဆောင်ရွက်မှုများကို ဆက်လက် ဆောင်ရွက်လျက်ရှိပြီး၊ ညမထွက်ရ အမိန့်ကို ထုတ်ပြန်ထားဆဲဖြစ်ပါသည်။


ဓာတ်ပုံ - ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်
မောင်တော၊ ရခိုင်ပြည်နယ်။ (နိုဝင်ဘာ ၉ရက်၊ ၂၀၁၆) - မောင်တော မြို့နယ်၊ ဇင်ပိုင်ညာကျေး ရွာတွင် ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် မှ ပံ့ပိုးသောအစားအစာများအား ဖြန့်ဝေပေးစဉ်။

ရခိုင်ပြည်နယ် မြောက်ပိုင်းတွင် ကုလသမဂ္ဂ နှင့် လူသားချင်းစာနာမှုဆိုင်ရာ အကူအညီပေးရေး အဖွဲ့အစည်းများမှ ဆောင်ရွက်လျက်ရှိသည့် ဝန်ဆောင်မှု အများစု သုံးလကြာ ပြတ်တောက်ခဲ့ပြီးနောက်

နိုင်ငံတော်အစိုးရမှ ယင်းအဖွဲ့ အစည်းများ၏ အချို့လုပ်ငန်းများကို ပြန်လည်ဆောင်ရွက်ရန် တစ်စတစ်စ ခွင့်ပြုပေးခဲ့သော်လည်း၊ ပြည်တွင်း ဝန်ထမ်းများဖြင့်သာ ဆောင်ရွက်ခွင့်ပြုထားပါသည်။ နိုင်ငံတကာမှ ဝန်ထမ်းများသည် သွားလာခွင့် ကန့်သတ်မှုများဖြင့် ကြုံတွေ့နေရဆဲဖြစ်ပါသည်။ နိုင်ငံတော်အစိုးရမှ ဦးဆောင်သည့် အစားအစာဖြန့်ဝေရေးလုပ်ငန်းအချို့တွင် နိုင်ငံတကာဝန်ထမ်းများကြည့်ရှုလေ့လာခွင့်ရခဲ့ပြီး၊ သံတမန်ခေါင်းဆောင်ပိုင်းများပါဝင်သည့် ခရီးစဉ်အချို့ကို ခွင့်ပြုခဲ့သော်လည်း၊ ရခိုင်ပြည်နယ်မြောက်ပိုင်းတွင် အခြေပြုလုပ်ငန်းဆောင်ရွက်သောနိုင်ငံတကာဝန်ထမ်း အများစုသည် မြို့တွင်း၌သာ (မောင်တော နှင့် ဘူးသီးတောင်မြို့များ) သွားလာခွင့်ရကြပါသည်။ အစားအစာများနှင့် အခြား ကယ်ဆယ်ရေးပစ္စည်းများကို ယခုအခါတွင် (ပြည်တွင်းဝန်ထမ်းများဖြင့်သာ) ဖြန့်ဝေခွင့်ပြုခဲ့သော်လည်း လူသားချင်းစာနာမှုဆိုင်ရာအဖွဲ့အစည်းများအနေဖြင့် ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများအား ပြန်လည်ဆောင်ရွက်ရန် နိုင်ငံတော်အစိုးရမှ ခွင့်ပြုပေးခြင်း မရှိသေးပါ။

မောင်တော တောင်ပိုင်းတွင် ဇန်နဝါရီလအစောပိုင်း၌ ကဏ္ဍစုံကနဦးအခြေအနေလေ့လာဆန်းစစ်မှုကို ဆောင်ရွက်နိုင်ခဲ့သော်လည်း လုံခြုံရေးဆောင်ရွက်မှုများ ဆက်လက်လုပ်ဆောင်လျက်ရှိသည့် မောင်တော မြောက်ပိုင်းတွင် အလားတူအခြေအနေလေ့လာဆန်းစစ်မှုများဆောင်ရွက်ရန်အာဏာပိုင်များမှခွင့်ပြုပေးခြင်း မရှိသေးပါ။ မောင်တောဒေသမြောက်ပိုင်းရှိ အချို့နေရာများတွင် ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် (WFP)သည် အစားအစာဖြန့်ဝေခြင်းလုပ်ငန်းနှင့်သက်ဆိုင်သည့် အချက်အလက်များရရှိနိုင်ခဲ့သော်လည်း ထိခိုက်ခံစားရသူများ ကြုံတွေ့နေရသည့် အခြေအနေအလုံးစုံကို နားလည်နိုင်ရန်အတွက် ထိခိုက်မှုရှိခဲ့သည့်နေရာအားလုံးတွင် ပြည့်စုံမှုရှိသော အခြေအနေလေ့လာဆန်းစစ်မှုများကိုပြီးစီးအောင်ဆောင်ရွက်ရန်မှာအလွန်အရေးကြီးပါသည်။ လတ်တလောတွင် ထိခိုက်မှုရှိသည့်ဒေသများ၌ လူသားချင်းစာနာမှုဆိုင်ရာအကူအညီများပေးအပ်နေသည့် ဝန်ထမ်းများ၏ လေ့လာဆန်းစစ်ချက်များအရ အစားအစာ၊ အမိုးအကာနှင့်နေစရာ၊ အိမ်သုံးပစ္စည်းများ၊ ဆေးဝါးများ၊ ရေ၊ ပတ်ဝန်းကျင်သန့်ရှင်းရေး၊ တစ်ကိုယ်ရည်သန့်ရှင်းရေးဆိုင်ရာအထောက်အပံ့များ၊ ပညာရေးနှင့် ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အကူအညီများမှာ လူသားချင်းစာနာမှုဆိုင်ရာ အဓိကလိုအပ်ချက်များဖြစ်ကြောင်း သိရှိရပါသည်။ အချို့နေရာများတွင် ကျန်းမာရေးစောင့်ရှောက်မှုများနှင့် အစိုးရမဟုတ်သည့်အဖွဲ့အစည်းများမှဆောင်ရွက်နေသည့် ဆေးခန်းများ ပြန်လည် စတင်နိုင်ခဲ့သော်လည်း၊ ဝန်ဆောင်မှုများ ဖြန့်ကျက်ရောက်ရှိနိုင်မှုမှာ နေရာအနည်းငယ်သာရှိပြီး၊ မြေပြင် အခြေအနေတင်းမာမှုများ ရှိနေသေးသည့်အတွက် ဆေးကုသရန် လာရောက်သူ နည်းနေသေးကြောင်း လူသားချင်းစာနာမှုဆိုင်ရာအကူအညီပေးရေး ဝန်ထမ်းများ၏ ပြောကြားချက်အရ သိရှိရပါသည်။ လူအများမှာ ဝန်ဆောင်မှုများ ရရှိမည့်နေရာများသို့ သွားလာရန် ကြောက်ရွံ့နေကြဆဲဖြစ်ပြီး၊ ခရီးသွားလာခွင့်များမှာလည်း ကန့်သတ်ချက်များရှိနေပါသည်။ အရေးပေါ်ဆေးကုသရန်လွှဲပြောင်းခြင်းကို များစွာထိခိုက်မှုရှိခဲ့ပြီး၊ ဆေးကုသမှု နည်းလမ်းများရွေးချယ်ခွင့်ကို အကန့်အသတ်ဖြစ်စေကာ လူနာများအတွက် အန္တရာယ်ကြုံတွေ့ နိုင်သည့် အခြေအနေဖြစ်ပေါ်စေပါသည်။ မောင်တောခရိုင် ပြင်ပသို့ အရေးပေါ်ဆေးကုသရန်လွှဲပြောင်းခြင်းကို မွတ်စလင် လူနာများအား ခွင့်ပြုပေးခြင်းမရှိပါ။

*ခရီးသွားလာခွင့် ကန့် သတ်မှုများ နှင့် ကြောက်ရွံ့ စိုးရိမ်မှုများက ထိခိုက်ခံစားရသူများအနေဖြင့် ကျန်းမာရေးစောင့်ရှောက်မှုများ ရရှိခံယူရာတွင် အတားအဆီးဖြစ်*

## လိုအပ်ချက်များစွာကို ဖြည့်ဆည်းဆောင်ရွက်ရန်လိုအပ်နေသည့်အခြေအနေကြားတွင် အစားအစာဖြန့်ဝေပေးခြင်းလုပ်ငန်းများ ပြန်လည်စတင်

နိုင်ငံတော်အစိုးရမှပံ့ပိုးပေးနေသည့် အကူအညီများနှင့်စပ်လျဉ်းပြီး၊ ကုလသမဂ္ဂအဖွဲ့အစည်းများထံတွင် ကယ်ဆယ်ရေးအကူအညီဆိုင်ရာ အသေးစိတ် အချက်အလက်အပြည့်အစုံ မရှိပါ။ မြန်မာ့အလင်း သတင်းစာတွင် ဖော်ပြချက်များအရ ဇန်နဝါရီလ ၆ရက်နေ့မှ ၁၁ ရက်နေ့အတွင်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေး နှင့် ပြန်လည်နေရာ ချထားရေးဝန်ကြီးဌာနမှ မောင်တောမြို့နယ်ရှိ ကျေးရွာပေါင်း ၅၂ ရွာမှ လူဦးရေ ၅၉,၉၆၂ ဦးအတွက် အစားအစာများဖြန့်ဝေပေးခဲ့ကြောင်းသိရှိရပါသည်။ နယ်စပ်ရေးရာဝန်ကြီးဌာနမှလည်း ဇန်နဝါရီလ ၁၀ ရက် နေ့တွင် ရခိုင်ပြည်နယ်မြောက်ပိုင်းရှိ ရခိုင် နှင့် မွတ်စလင် ရပ်ရွာများမှ လူဦးရေ ၁၃၉,၇၄၅ ဦးအတွက် အစားအစာများ ပံ့ပိုးပေးခဲ့ကြောင်း အထက်ပါသတင်းစာတွင် ဖော်ပြထားပါသည်။ ထို့ပြင် ရခိုင်ပြည်နယ် မောင်တောဒေသ နှင့် နေရပ်စွန့်ခွာတိမ်းရှောင်သူစခန်းများတွင် မြန်မာနိုင်ငံအစိုးရမှ ဖြန့်ဝေပေးရန် အင်ဒိုနီးရှားနိုင်ငံမှ လှူဒါန်းထားသည့် အစားအစာ

များနှင့် အဝတ်အစားများပါဝင်သည့် ကွန်တိန်နာ (၁၀)လုံးမှာလည်း ဇန်နဝါရီလအတွင်း ရခိုင်ပြည်နယ်သို့ ရောက်ရှိလာခဲ့ပါသည်။ အင်ဒိုနီးရှားနိုင်ငံမှ ပံ့ပိုးပေးသော ကယ်ဆယ်ရေးပစ္စည်းများကို မောင်တောဒေသမြောက်ပိုင်းတွင် ဇန်နဝါရီလ ၂၇ ရက်နေ့၌ ဖြန့်ဝေပေးခဲ့ပါသည်။ နောက်ဆုံးရရှိထားသည့် အစီရင်ခံစာများအရ ရခိုင်ပြည်နယ်ရှိ ထိခိုက်ခံစားရသူများအတွက် မလေးရှားနိုင်ငံရှိ အစိုးရမဟုတ်သည့်အဖွဲ့အစည်းများမှ ပေးပို့လိုက်သော ကယ်ဆယ်ရေးပစ္စည်းများမှာ ဖြန့်ဝေရန်အတွက် မကြာမီ ရန်ကုန်သို့ ရောက်ရှိလာတော့မည်ဖြစ်ပါသည်။

*အောက်တိုဘာလ၉ရက်နေ့တွင်ဖြစ်ပွားခဲ့သည့် တိုက်ခိုက်မှုများနောက်ပိုင်း အစားအစာ နှင့် အာဟာရဆိုင်ရာ ဝန်ဆောင်မှုများ ပြတ်တောက်သွားမှုကြောင့် လူဦးရေ ၁၅၀,၀၀၀ ထိခိုက်ခံစားရ*

အောက်တိုဘာလ ၉ ရက်နေ့မတိုင်မီတွင် ကုလသမဂ္ဂ နှင့် လူသားချင်းစာနာမှုဆိုင်ရာ အကူအညီပေးရေး အဖွဲ့အစည်းများအနေဖြင့် ရခိုင်ပြည်နယ် မြောက်ပိုင်းရှိ လူပေါင်း ၁၅၀,၀၀၀ ကျော်အတွက် အစားအစာ နှင့် အာဟာရဆိုင်ရာ အကူအညီများကို ပုံမှန်ပံ့ပိုးဆောင်ရွက်ပေးနေခဲ့ပါသည်။ တိုက်ခိုက်မှုများဖြစ်ပွားခဲ့ပြီး၊ နောက်ဆက်တွဲ လုံခြုံရေးဆောင်ရွက်မှုများကြောင့် အဆိုပါအကူအညီများပေးပို့ရေးနှင့်ဆိုင်သည့် သွားလာ လှုပ်ရှားမှုများအား တင်းတင်းကြပ်ကြပ် တားမြစ်ကန့်သတ်ထားခဲ့ပြီး၊ လူအများမှာ ရာသီအလိုက် အစားအစာပံ့ပိုးမှု၊ ကျောင်းတွင် အာဟာရဖြည့်ကျွေးမွေးမှု၊ ပုံမှန်အာဟာရပံ့ပိုးမှု အစီအစဉ်များနှင့် (၃) လ ကြာကင်းကွာခဲ့ရပါသည်။ အောက်တိုဘာလ (၉) ရက်နေ့မှ စတင်၍ သွားလာမှုများ ခွင့်ပြုပေးခဲ့သောနေရာများတွင်လည်း သွားလာခွင့်ဆိုင်ရာအခြေအနေများမှာ ခန့်မှန်းနိုင်ရန်ခက်ခဲပြီး၊ ကယ်ဆယ်ရေးအကူအညီများဖြန့်ဝေခြင်းများကို ပုံမှန်မဟုတ်ဘဲ၊ တစ်ကြိမ်တည်း ပံ့ပိုးခြင်းများကိုသာ ဆောင်ရွက်နိုင်ခဲ့ပါသည်။ ပြီးခဲ့သည့် ရက်သတ္တပတ်များတွင် ရသေ့တောင်၊ ဘူးသီးတောင် နှင့် မောင်တောရှိ ကိုယ်ဝန်ဆောင်မိခင်များ၊ နို့တိုက်မိခင်များ၊ အာဟာရချို့တဲ့နေသည့် ကလေးငယ်များအတွက် အာဟာရထောက်ပံ့ရေး အစီအစဉ်များပြန်လည်စတင်ခဲ့ပါသည်။

*မောင်တော မြောက်ပိုင်းတွင် လူပေါင်း ၃၅,၀၀၀ အတွက် အရေးပေါ် အစားအသောက် များပံ့ပိုးပေးနိုင်ခဲ့*

ဇန်နဝါရီလ (၁၃) ရက်နေ့တွင် မောင်တော မြောက်ပိုင်းရှိ ထိခိုက်မှုရှိခဲ့သည့် ကျေးရွာပေါင်း (၁၅၈) ရွာတွင် အရေးပေါ်အစားအစာများဖြန့်ဝေပေးခြင်းကိုစတင်ရန်အတွက် ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် (WFP) အား ခွင့်ပြုပေးခဲ့ပါသည်။ ဇန်နဝါရီလ (၁၀) ရက်နေ့အထိ လူဦးရေ ၃၅,၀၀၀ နီးပါး (ကျား ၁၅,၀၀၀ နှင့် မ ၁၉,၅၀၀ နီးပါး) အတွက် အရေးပေါ်အစားအစာများ ဖြန့်ဝေပေးပြီးဖြစ်ပါသည်။ ထိုအစားအစာအကူအညီများ ဖြန့်ဝေခြင်းကို ပြည်တွင်းဝန်ထမ်းများဖြင့်သာလုပ်ဆောင်ခဲ့ခြင်းဖြစ်ပြီး၊ နိုင်ငံတကာမှ လူသားချင်းစာနာမှုဆိုင်ရာ အကူအညီပေးရေး ဝန်ထမ်းများအား ပါဝင်ရန်အတွက် ခွင့်ပြုခြင်း မရှိခဲ့ပါ။

*ဝက်ဘ်လင့်ခ်များ - ရခိုင်ပြည်နယ်တွင် ကြုံတွေ့နေရသည့် အာဟာရ ချို့တဲ့မှုများ အကြောင်း အစီရင်ခံစာများကို ဖတ်ရှုရန်*

- *ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့၏ ၂၀၁၅ခုနှစ် နှစ်ပတ်လည် အစီရင်ခံစာ*
- *လူဦးရေနှင့် ကျန်းမာရေး စစ်တမ်း၊ ၂၀၁၅-၁၆၊ မြန်မာနိုင်ငံ ကျန်းမာရေး ဝန်ကြီးဌာန*
- *အာဟာရ ကဏ္ဍ၊ ၂၀၁၇ခုနှစ် လူသားချင်းစာနာမှုဆိုင်ရာ တုံ့ပြန်ရေးစီမံကိန်းစာမျက်နှာ (၃၁)*

ဇန်နဝါရီလ ၁၃ ရက်နေ့မှ စတင်ပြီး အစားအစာပံ့ပိုးမှုရရှိသူများမှာ (၃) လ အတွင်း ပထမဦးဆုံးအကြိမ် အကူအညီရခဲ့ခြင်းဖြစ်ပြီး၊ အစားအစာနှင့် အာဟာရ အကူအညီများ ဖြန့်ဝေပေးမှု၊ ရွေ့လျား ဆေးကုခန်းများနှင့် အခြား လူသားချင်းစာနာမှုဆိုင်ရာဝန်ဆောင်မှုအကူအညီများ ပြတ်တောက်ခြင်းကြောင့် ရေရှည်တွင် ဖြစ်ပေါ်လာနိုင်သည့် ရလဒ်များအတွက် စိုးရိမ်ပူပန်မှုများ ရှိနေပါသည်။ ရခိုင်ပြည်နယ်သည် မြန်မာနိုင်ငံရှိ တိုင်းနှင့်ပြည်နယ်များတွင် အာဟာရချို့တဲ့မှု၊ အထူးသဖြင့် ကလေးငယ်များတွင် အာဟာရချို့တဲ့ခြင်း ဖြစ်ပွားမှုအမြင့်ဆုံးရှိသော ပြည်နယ်တစ်ခုဖြစ်နေသည်မှာ ကြာမြင့်နေပြီဖြစ်ပါသည်။ (ပိုမိုသိရှိရန် တစ်ဖက်ပါ လင့်ခ်များတွင် လေ့လာနိုင်ပါသည်) အောက်တိုဘာလ (၉) ရက်နေ့ တိုက်ခိုက်မှုများ မဖြစ်ပွားခင်ကတည်းကပင် ဘူးသီးတောင်နှင့် မောင်တော၌ ကမ္ဘာလုံးဆိုင်ရာ အာဟာရချို့တဲ့မှု တိုင်းတာချက်တွင် ကမ္ဘာ့ကျန်းမာရေး အဖွဲ့အစည်းမှ သတ်မှတ်ထားသည့် အရေးပေါ်အဆင့်သတ်မှတ်ချက်ထက် ကျော်လွန်နေခဲ့ပါသည်။ တိုက်ခိုက်မှုများဖြစ်ပွားချိန်တွင် ထိခိုက်မှုရှိခဲ့သည့်ဒေသများ၌ ပြင်းထန်သည့် ရေရှည်အာဟာရချို့တဲ့မှုများအတွက် စောင့်ရှောက် ကုသမှုခံယူနေသည့်ကလေးငယ်ပေါင်း ၃,၄၀၀ ရှိပြီး ထိုတိုက်ခိုက်မှုများဖြစ်ပွားပြီးနောက် ၎င်းတို့ရရှိနေသော ကုသမှုများ ၊ ပံ့ပိုးမှုများ ပြတ်တောက်သွားခဲ့ပါသည်။

*စိုက်ပျိုးရေး နှင့် ငါးဖမ်းလုပ်ငန်းများ ပြတ်တောက်ခဲ့ရပြီး ဈေးများလည်း ပုံမှန်လည်ပတ်မှုမရှိ*

သွားလာခွင့်ကန့်သတ်မှုများက အစားအစာ လိုအပ်မှု အခြေအနေကို ပိုဆိုးစေပြီး၊ လုံခြုံရေးအခြေအနေများက မောင်တောမြောက်ပိုင်းရှိ လူများအတွက် ၎င်းတို့၏ သီးနှံများရိတ်သိမ်းရန်အခက်အခဲများဖြစ်ပေါ်စေသည် သို့မဟုတ် လုံးဝရိတ်သိမ်းနိုင်သည့်အခြေအနေကို ဖြစ်ပေါ်စေပါသည်။ ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် (WFP) ၏ တင်ပြချက်များအရ မောင်တော မြောက်ပိုင်းရှိ ဈေးငယ်လေးများ၏ ၉၀ ရာခိုင်နှုန်းမှာ ပုံမှန်လည်ပတ်ခြင်းမရှိသေးပါ။ သွားလာခွင့်ကန့်သတ်မှုများကြောင့် မွတ်စလင်များ၏ ငါးဖမ်းခြင်းဖြင့် ဝမ်းစာနှင့် ဝင်ငွေရရှိအောင်ဆောင်ရွက်ခြင်းအား ထိခိုက်ကျဆင်းစေပါသည်။ ရခိုင်ပြည်နယ် အလယ်ပိုင်းရှိ စစ်တွေ နှင့် ပေါက်တောမြို့နယ်များတွင်ပင်၊ ငါး နှင့်

လုံခြုံရေးအခြေအနေစိုးရိမ်မှုများနှင့် အသစ်ပြဌာန်းလိုက်သည့်နည်းဥပဒေများအရ ရေလုပ်ငန်းဦးစီးဌာနမှ မွတ်စလင်တံငါသည်များ ပင်လယ်ထဲသို့ထွက်၍ဆက်တိုက်ငါးဖမ်းနိုင်သည့်ရက်ကို (၁၀) ရက်မှ (၃) ရက်သို့လျှော့ချခဲ့ပါသည်။

## နေရပ်စွန့်ခွာတိမ်းရှောင်ရမှုများ၊ အိမ်များ မီးရှို့ဖျက်ဆီးခံရခြင်း နှင့် ဖြိုဖျက်ရခြင်းတို့ကြောင့် နေထိုင်ရာအမိုးအကာလိုအပ်မှု ပိုမိုမြင့်မား

*အိုးအိမ်များစွာ မီးလောင်ပျက်စီးခဲ့ရပြီး ၊ အဆောက်အဦ ၁,၀၀၀ ကျော် ဖြိုဖျက်ခံရ*

ထိခိုက်မှုရှိခဲ့သည့် နေရာများတွင် နေထိုင်ရာအမိုးအကာများ အဓိက လိုအပ်လျက်ရှိပါသည်။ လူ့အခွင့်အရေးစောင့်ကြည့်ရေး (Human Rights Watch) အဖွဲ့မှထုတ်ပြန်သည့် ဂြိုလ်တုဓာတ်ပုံများအရ အောက်တိုဘာလ (၉) ရက်နေ့မှစ၍ ရခိုင်ပြည်နယ် မြောက်ပိုင်းတွင် မွတ်စလင်ကျေးရွာများမှ အိုးအိမ်ပေါင်း အနည်းဆုံး ၁,၅၀၀ ခန့် မီးလောင်ပျက်စီးခဲ့ကြောင်း သိရှိရပါသည်။ အိုးအိမ်များပျက်စီးခဲ့သည့် ကျေးရွာအချို့ရှိ ရွာသူရွာသားများသည် ၎င်းတို့၏ ကျေးရွာနယ်မြေထဲတွင်ပင် ယာယီအမိုးအကာများဖြင့် နေထိုင်ကြရလျက်ရှိပါသည်။ အချို့လူများမှာ အနီးဝန်းကျင် ကျေးရွာများသို့ ရွှေ့ပြောင်းသွားခဲ့ပြီး၊ လူပေါင်း ၆၉,၀၀၀ ခန့်မှာ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ဖြတ်ကျော်ဝင်ရောက်ခဲ့ပါသည်။ နိုင်ငံတော် အစိုးရမှ မွတ်စလင်အိမ် အများစုပါဝင်သည့် အိုးအိမ်၊ အဆောက်အဦပေါင်း ၁,၉၇၈ လုံးအား တရားမဝင်ဆောက်လုပ်ထားသည်ဟု သတ်မှတ်ယူဆချက်ကြောင့် ဖြိုဖျက်ရန်စာရင်းသွင်းထားသည့်အတွက် နေထိုင်ရာအမိုးအကာလိုအပ်ချက် ပိုမိုမြင့်မားလာစေပါသည်။ ဒီဇင်ဘာလနှင့် ဇန်နဝါရီလများအတွင်း အိုးအိမ်၊ အဆောက်အဦပေါင်း ၁,၀၇၈ လုံးကို ဖြိုဖျက်ခဲ့ပါသည်။ လူသားချင်းစာနာမှုဆိုင်ရာ မိတ်ဖက်အဖွဲ့အစည်းများမှ တင်ပြတောင်းဆိုမှုကြောင့် နိုင်ငံတော်အစိုးရသည် အိုးအိမ်၊ အဆောက်အဦများ ဖြိုဖျက်သည့်လုပ်ငန်းများအားရပ်နားထားရန် အမိန့်ထုတ်ပြန်ခဲ့ပြီး၊ ဇန်နဝါရီလ (၁၀) ရက်နေ့နောက်ပိုင်းတွင် အဆောက်အဦများ ထပ်မံဖြိုဖျက်ခံရခြင်းမရှိတော့ပါ။ နိုင်ငံတော်အစိုးရမှ နှစ်စဉ်ဆောင်ရွက်နေကြဖြစ်သည့် အိမ်ထောင်စု စစ်တမ်း ကောက်ယူခြင်းအား ရခိုင်ပြည်နယ် မြောက်ပိုင်းရှိမြို့နယ် (၃) မြို့နယ် တွင် ပိုမိုစောလျင်စွာဖြင့် ဒီဇင်ဘာလတွင် စတင်လုပ်ဆောင်ခဲ့ခြင်းကြောင့် နေရပ်စွန့်ခွာတိမ်းရှောင်ရသူများအနေဖြင့် နိုင်ငံတော်အစိုးရ၏ "အိမ်ထောင်စုစာရင်း" မှ ဖယ်ရှားခံရဖွယ်ရှိနေပါသည်။ ရခိုင်ပြည်နယ်မြောက်ပိုင်းရှိ မွတ်စလင် အများစုအတွက် ယင်းအိမ်ထောင်စုစာရင်းတွင်ပါဝင်ခြင်းသည်တစ်ခုတည်းသောတရားဝင်အသိအမှတ်ပြုစာရွက်စာတမ်းဖြစ်ပါသည်။ ယင်းစစ်တမ်းကောက်ယူမှုမှာ၂၀၁၇ ခုနှစ် ဇန်နဝါရီလလယ်ပိုင်းတွင်ပြီးစီးခဲ့ပါသည်။ အောက်တိုဘာလ ၉ရက်မှစတင်ပြီး လုံခြုံရေးဆောင်ရွက်သည့်နေရာများတွင် လုံခြုံရေးတပ်ဖွဲ့များမှ ကျေးရွာအများစုရှိ ခြံဝန်းအကာအရံများကို ဖယ်ရှားခဲ့သည့်အတွက် ရွာသူရွာသားများ၏ ကိုယ်ပိုင်လွတ်လပ်ခွင့်များလျော့ပါးခဲ့ရပြီး၊ ရွာသုံး ရေကန်အချို့မှာ ညစ်ညမ်းသွားခဲ့ရခြင်းကြောင့် ရေ၊ ပတ်ဝန်းကျင်သန့်ရှင်းရေး နှင့် တစ်ကိုယ်ရည်သန့်ရှင်းရေးအတွက် အကူအညီ ထပ်မံလိုအပ်မှုများ ဖြစ်ပေါ်စေပါသည်။

*ဖြိုဖျက်ခံရသည့် အဆောက်အဦများ၏ ၈၀ ရာခိုင်နှုန်းမှာ မွတ်စလင်များ၏ အိုးအိမ်များဖြစ်*

## ရခိုင်ပြည်နယ် မြောက်ပိုင်း နှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံရှိ နေရပ်စွန့်ခွာတိမ်းရှောင်သူများအတွက် ကာကွယ်စောင့်ရှောက်မှုနှင့် စပ်လျဉ်း၍ အထူးစိုးရိမ်ဖွယ်အခြေအနေရှိ

*လူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးအစီရင်ခံစာ တင်သွင်းသူမှ ရခိုင်ပြည်နယ် မြောက်ပိုင်းတွင် နိုင်ငံတကာမှ လူသားချင်းစာနာမှုဆိုင်ရာ အကူအညီများပေးနိုင်ရေး သွားလာခွင့် ပြုရန် တောင်းဆိုပြောကြား*

လုံခြုံရေးတပ်ဖွဲ့များမှ မွတ်စလင်လူထုအား ပြစ်မှုကျူးလွန်သည်ဟုစွပ်စွဲပြီး၊ တရားခွင်တွင် စစ်ဆေးခြင်းမရှိဘဲ သေဒဏ်ပေးခြင်း၊ နှိပ်စက်ညှဉ်းပန်းခြင်း၊ အဓမ္မပြုကျင့်ခြင်းများပြုလုပ်နေသည့် လူ့အခွင့်အရေးချိုးဖောက်မှုများ ဆိုးဆိုးရွားရွားဖြစ်ပွားနေကြောင်း အစီရင်ခံမှုများ ထွက်ပေါ်နေပါသည်။ ရခိုင်ပြည်နယ်မြောက်ပိုင်းရှိ ကျေးရွာများသို့ သွားလာခွင့် ကန့်သတ်မှုများ ဆက်လက်ရှိနေခြင်းကြောင့် ကုလသမဂ္ဂ အနေဖြင့် ယင်း စွပ်စွဲချက်များအား မှန်၊ မမှန် အတည်ပြုနိုင်ရန် အခက်အခဲဖြစ်နေပါသည်။ ရခိုင်ပြည်နယ်တွင် လူ့အခွင့်အရေးချိုးဖောက်မှုများ ဖြစ်နေကြောင်းဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ရောက်ရှိလာသည့် နေရပ်စွန့်ခွာတိမ်းရှောင်သူများမှထွက်ဆိုကြပါသည်။ ယင်းအစီရင်ခံတင်ပြမှုများနှင့်စပ်လျဉ်း၍ ကုလသမဂ္ဂအနေဖြင့် အထူးစိုးရိမ်ပူပန်မှုရှိပြီး ကုလသမဂ္ဂ၏ လူ့အခွင့်အရေး ကျွမ်းကျင်ပညာရှင်များမှ ပိုမိုများပြားလာလျက်ရှိသည့် အခွင့်အရေးချိုးဖောက်မှုဆိုင်ရာ အစီရင်ခံချက်များကို နိုင်ငံတော်အစိုးရမှ ဖြေရှင်းဆောင်ရွက်ပေးရန် တောင်းဆိုထားပါသည်။မြန်မာနိုင်ငံတော်အစိုးရမှ ယင်းစွဲဆိုချက် အများစုကို ငြင်းဆိုထားပါသည်။

ကုလသမဂ္ဂ၏ မြန်မာနိုင်ငံ လူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ မစ္စရန်ဟီလီ သည် ဇန်နဝါရီ လ ၉ရက် မှ ၂၀ ရက်အတွင်း မြန်မာနိုင်ငံသို့ လူ့အခွင့်အရေးဆိုင်ရာ သတင်းအချက်အလက်များ စုဆောင်းရယူရန်ရောက်ရှိလာခဲ့ပါသည်။ ဤခရီးစဉ်အတွင်း မစ္စလီ သည် ရခိုင်ပြည်နယ် မြောက်ပိုင်းသို့သွားရောက်ခဲ့ပါသည်။ အထူးကိုယ်စားလှယ်သည် မတ်လတွင် ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီထံသို့ အစီရင်ခံစာ တင်သွင်းမည်ဖြစ်ပါသည်။

သူမ၏ ခရီးစဉ်အဆုံးတွင် မစ္စလီမှ လုံခြုံရေးတပ်ဖွဲ့များအား တရားဥပဒေ စိုးမိုးမှုဘောင် အတွင်းမှသာ ဆောင်ရွက်ကြရန်၊ လူ့အခွင့်အရေးနှင့် အညီလုပ်ဆောင်ကြရန် တောင်းဆို ပြောကြားခဲ့ပါသည်။ ထို့ပြင် ထိခိုက်မှုရှိခဲ့သည့် ဒေသများသို့ လူသားချင်းစာနာမှုဆိုင်ရာ အကူအညီများ ပေးနိုင်ရေးသွားလာခွင့် ပိုမိုခွင့်ပြုပေးရန် အတွက်လည်း နိုင်ငံတော် အစိုးရအား တိုက်တွန်းပြောကြားခဲ့ပါသည်။



ဓာတ်ပုံ - အေးဝင်း၊ ကုလသမဂ္ဂ သတင်းအချက်အလက်ထုတ်ပြန်ရေးဌာန
ရခိုင်ပြည်နယ် (ဇန်နဝါရီ ၁၆ ရက် ၂၀၁၇)
လူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူမှ
မောင်တောမြောက်ပိုင်းရှိ ကျီးကန်းပြင်ရွာအနောက်ပိုင်းသို့ သွားရောက်ခဲ့စဉ်။

"လူသားချင်းစာနာမှုဆိုင်ရာ အကူအညီပေးသူများအနေဖြင့် ၎င်းတို့၏ ကျွမ်းကျင်မှုများကို အသုံးပြုပြီး ထိခိုက်ခံစားရသူ တစ်ဦး တစ်ယောက်ချင်းစီအား ကူညီပေးရန် တာဝန်ရှိပါသည်။ သို့သော် ၎င်းတို့လုပ်ဆောင်ရမည့်တာဝန်ကို မဆောင်ရွက်နိုင်စေရန် နိုင်ငံတော်အစိုးရမှ တားဆီးထားသကဲ့သို့ ဖြစ်နေပါသည်။ ရခိုင်ပြည်နယ်မြောက်ပိုင်းတွင် သွားလာခွင့်အခြေအနေမှာ တစ်စထက်တစ်စ တိုးတက်လာသော်လည်း ပြည်တွင်းဝန်ထမ်းများကသာ သွားလာဆောင်ရွက်နိုင်ပြီး၊ နိုင်ငံတကာဝန်ထမ်းများအနေဖြင့် မြို့တွင်းမှာသာ သွားလာခွင့်ရှိသည့်အတွက် ၎င်းတို့၏ တာဝန်များကိုဆောင်ရွက်နိုင်ခြင်းမရှိပါ" ဟု မစ္စလီမှ ပြော ကြားခဲ့ပါသည်။

*ကချင်ပြည်နယ်တွင် လူဦးရေ ၇,၀၀၀ ခန့် ၊ ရှမ်းပြည်နယ်တွင် လူဦးရေ ၄,၀၀၀ ခန့် အသစ်ထပ်မံ နေရပ်စွန့်ခွာ တိမ်းရှောင်ခဲ့ရ*

## ကချင်ပြည်နယ် နှင့် ရှမ်းပြည်နယ် မြောက်ပိုင်းတွင် တိုက်ပွဲများ ပြင်းထန်လာသည့်အတွက် အရပ်သားများ၏လုံခြုံရေး စိုးရိမ်နေရ

### နေရပ်စွန့်ခွာတိမ်းရှောင်သူ စခန်းများ နှင့် မြို့များ အနီးတွင် တိုက်ပွဲများ ဖြစ်ပွားသည့်အတွက် လူပေါင်း ၁၁,၀၀၀ နီးပါး ထွက်ပြေးတိမ်းရှောင်နေရ

၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလတွင် နောက်တစ်ကြိမ်ကျင်းပမည့် ငြိမ်းချမ်းရေးဆွေးနွေးပွဲမတိုင်မီ မြန်မာ့တပ်မတော်နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအကြား ပဋိပက္ခများ ပိုမိုပြင်းထန်လာခြင်းကြောင့် ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်အတွင်း လူသားချင်းစာနာမှုဆိုင်ရာ ကူညီဆောင်ရွက်ရေးလုပ်ငန်းများမှာ လွန်ခဲ့သည့် လအနည်းငယ်အတွင်းတွင် သိသာစွာ ထိခိုက် လာနေပါသည်။ ကချင်ပြည်နယ်တွင် မြန်မာ့တပ်မတော်နှင့် ကချင်လွတ်မြောက်ရေးတပ်မတော်တို့အကြား တိုက်ပွဲများပိုမိုပြင်းထန်လာခြင်းကြောင့် မန်စီမြို့နယ်၊ ရွှေကူမြို့နယ်နှင့် အဓိက စခန်း (၃) ခုမှ လူ ၇၀၀၀နီးပါးမှာ ထပ်မံနေရပ်စွန့်ခွာတိမ်းရှောင်ခဲ့ရပါသည်။ မြန်မာ့တပ်မတော်နှင့် တိုင်းရင်းသာလက်နက်ကိုင်မဟာမိတ်တပ်များအကြား တိုက်ပွဲများဆက်လက်ဖြစ်ပွားနေခြင်းကြောင့် ဇန်နဝါရီလ၂၆ ရက်အထိ လူဦးရေ ၄,၀၀၀ ခန့်မှာ ရှမ်းပြည်နယ် မြောက်ပိုင်းရှိ (မူဆယ်၊ နမ္မတူ၊ သီပေါ၊ ကွတ်ခိုင်၊ မန်တုံ၊ နောင်ချို နှင့် လားရှိုး) မြို့ နယ် (၇) မြို့နယ်အတွင်း ယာယီနေရပ်စွန့်ခွာတိမ်းရှောင်လျက်ရှိသည်ဟု ခန့်မှန်းပါသည်။ နိဝင်ဘာနှောင်းပိုင်း၌ မူဆယ် ၁၀၅ မိုင် ဂိတ် အနီး၊ မြို့တွင်းတွင် တိုက်ပွဲများပြင်းထန်လာခဲ့သည့်အတွက် လူပေါင်း ထောင်နှင့်ချီ၍ နေရပ်စွန့်ခွာတိမ်းရှောင်ရပြီး၊ မူဆယ်-မုံးကိုးလမ်း အသွားအလာများကိုလည်း ကန့်သတ်ထားခဲ့ပါသည်။ လုံခြုံရေး အခြေအနေ

*ကချင်ပြည်နယ်တွင် နေရပ်စွန့်ခွာတိမ်းရှောင်သူများမှာ စခန်းများကို စွန့်ခွာထွက်ပြေးခဲ့ရ*

များ အလျင်အမြန်ပြောင်းလဲနေသည့်အတွက် အဆိုပါ ပြည်နယ်နှစ်ခုလုံးရှိ နေရပ်စွန့်ခွာ တိမ်းရှောင်မှုအခြေအနေများမှာ တည်ငြိမ်မှုမရှိဘဲ ပြောင်းလဲမှုများရှိနေပါသည်။

အစိုးရ ထိန်းချုပ်နယ်မြေ ပြင်ပရှိ စခန်းများ (ဖိုင်းအောင်/မုံဂါဇွပ် ၊ ခေါန်ရှောန် နှင့် မာဂါယန်) အနီးတွင် တိုက်ပွဲများ ဖြစ်ပွားခဲ့သည့်အတွက် ယင်းစခန်းများမှ နေရပ်စွန့်ခွာတိမ်းရှောင်သူများမှာ စခန်းများအား စွန့်ခွာ၍ ထပ်မံ တိမ်းရှောင်ခဲ့ ရပါသည်။ ပြီးခဲ့သည့်လများအတွင်း အကြိမ်ပေါင်းများစွာ နေရပ်စွန့်ခွာတိမ်းရှောင်ရသည့် လူဦးရေမှာ ပိုမိုများပြားလာလျက် ရှိပါသည်။ အထက်ပါ စခန်းသုံးခုမှ လူများမှာ အစပိုင်းတွင် အစိုးရထိန်းချုပ်မှုပြင်ပနယ်မြေ ဒေသ၊ တရုတ်နိုင်ငံ နယ်စပ်အနီး နေရာများသို့ ယာယီ နေရပ်စွန့်ခွာ ရွှေ့ပြောင်းခဲ့ သော်လည်း၊ နောက်ပိုင်းတွင် အစိုးရ ထိန်းချုပ်မှုနယ်မြေအတွင်းသို့ ရောက်ရှိလာသည့် လူဦးရေမှာ များပြားလာလျက်ရှိပါသည်။ အသစ်ထပ်မံ ပြောင်းရွှေ့လာသည့် နေရာများသို့ ကုလသမဂ္ဂ နှင့် နိုင်ငံတကာ လူသားချင်းစာနာမှုဆိုင်ရာအကူအညီပေးရေးအဖွဲ့အစည်းများ သွားလာခွင့်ကို နိုင်ငံတော်အစိုးရမှ ပိတ်ပင်ထားဆဲဖြစ်ပါသည်။ ယင်းနေရာများရှိ နေရပ်စွန့်ခွာတိမ်းရှောင်သူများကို ပြည်တွင်း လူသားချင်းစာနာမှုဆိုင်ရာအကူအညီပေးရေးအဖွဲ့အစည်းများမှ ကူညီပံ့ပိုးပေးလျက်ရှိပါသည်။



ဓာတ်ပုံ - ပူးပေါင်းလုပ်ငန်းစဉ်အဖွဲ့ (JST)
ကချင် (ဒီဇင်ဘာ ၂၀၁၆) - ဖိုင်အော်န်/မုန်ဂါဇွပ် စခန်း အနီး တိုက်ပွဲများဖြစ်ပွားသဖြင့် ထွက်ပြေးတိမ်းရှောင်နေရသူများ။

*တိုက်ပွဲများမှာ နေရပ်စွန့်ခွာ တိမ်းရှောင်သူစခန်းများ၊ မြို့များ အနား ပိုမိုနီးကပ်စွာဖြစ်ပွားလာမှုကြောင့် အရပ်သားများအတွက် အန္တရာယ်ပိုမို ကြီးမားလာ*

ဒီဇင်ဘာလ အစောပိုင်းတွင် နေရပ်စွန့်ခွာတိမ်းရှောင်သူ ၁၅,၀၀၀ ခန့်အထိ ရှမ်းပြည်နယ်မြောက်ပိုင်းမှ တရုတ်နိုင်ငံထဲသို့ ဖြတ်ကျော်ဝင်ရောက်ခဲ့သည်ဟု ခန့်မှန်းပါသည်။ ထိုလူများအနက်မှ အများစုမှာ ရှမ်းပြည်နယ် မြောက်ပိုင်းသို့ ပြန်လည်ဝင်ရောက်ခဲ့ပြီဖြစ်သော်လည်း နေရပ်စွန့်ခွာတိမ်းရှောင်သူပေါင်းများစွာ ထပ်ခါထပ်ခါ ခိုနားရာနေရာ အဖြစ်အသုံးပြုခဲ့သည့် အများပိုင် အဆောက်အဦများ၊ ဘာသာရေး အဆောက်အဦများတွင် ယာယီနေထိုင်ကြရလျက်ရှိပါသည်။

*နေရပ်စွန့်ခွာရွှေ့ပြောင်း နေရသူများအတွက် မြေမြှုပ်မိုင်းမှာ အဓိက စိုးရိမ်ဖွယ်ဖြစ်*

ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တွင် ဖြစ်ပွားသည့် နေရပ်စွန့်ခွာတိမ်းရှောင်မှုများမှာ အရပ်သားပြည်သူများ နေထိုင်ရာအနီးအနားနှင့် နေရပ်စွန့်ခွာတိမ်းရှောင်သူ စခန်းများအနီးတွင် လေကြောင်းမှ တိုက်ခိုက်ခြင်း၊ လက်နက်ကြီးများဖြင့် ပစ်ခတ်ခြင်းတို့အပါအဝင် တိုက်ပွဲများပြင်းထန်စွာပိုမိုဖြစ်ပွားလာခြင်းတို့ကြောင့် ဖြစ်ပါသည်။ အဆိုပါဖြစ်ရပ်များအနက်မှတစ်ခုမှာ ဇန်နဝါရီလ ၁၂ ရက်နေ့တွင် ရှမ်းပြည်နယ်မြောက်ပိုင်းရှိ နမ့်ဆမ်မြို့နယ်အတွင်းရှိ ကျေးရွာတစ်ရွာတွင် လက်နက်ကြီးကျရောက်ပေါက်ကွဲခဲ့သည့်အတွက် အသက်ခြောက်နှစ်အရွယ် ယောကျာ်းလေးတစ်ဦး အပါအဝင်အရပ်သားနှစ်ဦးသေဆုံးခဲ့ရပါသည်။ အဆိုပါဖြစ်ရပ်မှာ တစ်လအတွင်း ဒုတိယအကြိမ်မြောက် အရပ်သားသေဆုံးမှုဖြစ်ပါသည်။ ဒီဇင်ဘာလ လလယ်တွင် လက်နက်ကြီးကြောင့် ကချင်ပြည်နယ်၊ ဝေကြိုင်ဒေသအနီးရှိ နေရပ်စွန့်ခွာတိမ်းရှောင်သူစခန်းတစ်ခုမှ နေထိုင်ရာအမိုးအကာများ ပျက်စီးခဲ့ရပြီး၊ နေရပ်စွန့်ခွာတိမ်းရှောင်သူပေါင်း ရာနှင့်ချီ၍ ထွက်ပြေးတိမ်းရှောင်ခဲ့ရပါသည်။ တည်ငြိမ်မှုမရှိသည့် ရှေ့တန်းစစ်မျက်နှာပြင်အခြေအနေနှင့် ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်မြောက်ပိုင်းတို့တွင် အရပ်သားပြည်သူပေါင်းများစွာ ရွှေ့ပြောင်းသွားလာနေကြရခြင်းကြောင့် မြေမြှုပ်မိုင်းနှင့် အခြား စစ်ကျန်ပေါက်ကွဲတတ်သောလက်နက်ခဲယမ်းများ၏ အန္တရာယ်မှာ ပို၍ စိုးရိမ်ပူပန်စရာဖြစ်လာနေပါသည်။

*၂၀၁၅ ခုနှစ်တွင်မြန်မာနိုင်ငံ၌ မြေမြှုပ်မိုင်းနှင့် ပေါက်ကွဲစေတတ်သော စစ်ကျန်ပစ္စည်းများကြောင့် ကလေးငယ် ၅၄ဦးအပါအဝင် လူပေါင်း ၁၅၉ ဦးသေဆုံးခဲ့ရ (မြေမြှုပ်မိုင်း စောင့်ကြည့်ရေး အစီရင်ခံစာ၊ ဒီဇင်ဘာ ၂၀၁၆)*

## မြန်မာနိုင်ငံမြောက်ပိုင်းတွင် ကိုယ်ခန္ဓာပြန်လည်သန်စွမ်းရေးစင်တာ အသစ် ဖွင့်လှစ်၊ ဝန်ဆောင်မှုများ စတင်ပေးနေ

အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီ အဖွဲ့ (ICRC) မှ မြန်မာကျပ်ငွေ ၁.၉၈ ဘီလီယံ (အမေရိကန်ဒေါ်လာ ၁.၅ သန်း) ရင်းနီးမတည်ပေးမှုဖြင့် ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့တွင် မြန်မာနိုင်ငံမြောက်ပိုင်း၏ ပထမဦးဆုံးသော ကိုယ်ခန္ဓာပြန်လည်သန်စွမ်းရေးစင်တာကို ဖွင့်လှစ်ခဲ့ပါသည်။ ခုတင် ၆၀ ဆန့် စင်တာတွင် ဝန်ထမ်းပေါင်း ၃၀ ရှိပြီး စင်တာတစ်ခုလုံး အပြည့်အဝ လည်ပတ်နိုင်ပါက တစ်နှစ်လျှင် လူနာပေါင်း ၁၅၀၀ အတွက် ခြေတု၊ လက်တု တပ်ဆင်ပေးခြင်း၊ အရိုးအဆစ်များ ကုသပေးခြင်း၊ အကြောအဆစ်များ ပြန်လည်သန်စွမ်းစေရန် ကုသပေးခြင်းတို့ကို ပြုလုပ်ပေးသွားနိုင်မည်ဖြစ်ပါသည်။ ပြန်လည်သန်စွမ်းရေးစင်တာအနေဖြင့် အဆိုပါ ဝန်ဆောင်မှုများကို မြန်မာနိုင်ငံ မြောက်ပိုင်းရှိ ပြည်သူများ၊ အထူးသဖြင့် မြေမြှုပ်မိုင်းနှင့် အခြားပေါက်ကွဲစေတတ်သော စစ်ကျန်ပစ္စည်းများကြောင့် ထိခိုက်ဒဏ်ရာရခဲ့သူများအတွက် တိုးချဲ့ဆောင်ရွက်သွားမည်ဖြစ်ပါသည်။



ဓာတ်ပုံ -သရီဇာပါဝဲလ်၊ အပြည်ပြည်ဆိုင်ရာကြက်ခြေနီအဖွဲ့၊ ကချင်ပြည်နယ် (နိုဝင်ဘာလ ၂၀၁၆) - မြစ်ကြီးနားရှိ ပြန်လည်သန်စွမ်းရေး စင်တာအသစ်တွင် လူနာ အား ခြေတုမတပ်ဆင်မီ စမ်းသပ်စစ်ဆေးစဉ်။

*ဝက်ဘ်လင့်ခ် - မြေမြှုပ်မိုင်း ကြောင့် ထိခိုက်သူများအတွက် ပြန်လည်ထူထောင်ရေး စင်တာ အကြောင်းဖတ်ရှုရန်။*

"စင်တာ မရှိခင် အချိန်က လူနာများအနေဖြင့် နာရီ ၂၀ခန့် ကားစီး သွားရသည့် မန္တလေးတွင်သာ သွားရောက်ပြီး ကုသမှုခံယူရခြင်း၊ ခြေတုလက်တု တပ်ဆင်ခြင်းများကို လုပ်ဆောင်ခဲ့ရပါသည်" ဟု မြန်မာနိုင်ငံရှိ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီအဖွဲ့၏ အထူးကိုယ်စားလှယ် အကြီးအကဲ Jurg Montani မှပြောပါသည်။ ယခုအခါ အဆိုပါ စင်တာအား ကျန်းမာရေး နှင့် အားကစား ဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်ခဲ့ပြီးဖြစ်ပါသည်။ ဤ စင်တာသည် တစ်ကမ္ဘာလုံးတွင် အပြည်ပြည်ဆိုင်ရာကြက်ခြေနီအဖွဲ့မှ ထောက်ပံ့ပေးသည့် ကိုယ်ခန္ဓာ ပြန်လည် သန်စွမ်းရေးစင်တာများအနက် လုပ်ငန်းများဆောင်ရွက်နိုင်သည့်အကျယ်အဝန်းဧရိယာအရ အာဖဂန်နစ္စတန်နိုင်ငံ၊ ကဘူးလ်ရှိ စင်တာပြီးလျှင် ဒုတိယ အကြီးဆုံး စင်တာဖြစ်ပါသည်။

*ပဋိပက္ခကြောင့် ထိခိုက်မှုရှိသည့် နေရာများသို့ လူသားချင်းစာနာမှုဆိုင်ရာ အကူအညီများပေးနိုင်ရန် သွားလာခွင့်ကို ကန့်သတ်မှုများရှိနေ*

## လူသားချင်းစာနာမှုဆိုင်ရာ အကူအညီများပေးနိုင်ရေးအတွက် သွားလာခွင့်အကန့်အသတ်များကြောင့် ကချင်ပြည်နယ် နှင့် ရှမ်းပြည်နယ်ရှိ နေရပ်စွန့်ခွာတိမ်းရှောင်သူများအတွက် နိုင်ငံတကာမှ အကူအညီများ အဟန့်အတားဖြစ်

၂၀၁၁ ခုနှစ်တွင် ပြန်လည်စတင်ခဲ့သည့် လက်နက်ကိုင် ပဋိပက္ခများကြောင့် ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တွင် လူဦးရေ ၁၀၀,၀၀၀ နီးပါးမှာ ကာလတာရှည် နေရပ်စွန့်ခွာတိမ်းရှောင်ကြရလျက်ရှိပါသည်။ ပြည်နယ် နှစ်ခုလုံးရှိ အဆိုပါ ပြည်သူများအတွက် လူသားချင်းစာနာမှုဆိုင်ရာအကူအညီများ ပေးနိုင်ရေး သွားလာခွင့်မှာ တင်းတင်းကြပ်ကြပ် ကန့်သတ်ခံနေရဆဲဖြစ်ပါသည်။ ၂၀၁၆ ခုနှစ် မေလ မှစတင်ပြီး နိုင်ငံတော်အစိုးရမှ ကုလသမဂ္ဂ၏ ကချင်ပြည်နယ်တွင်းရှိ အစိုးရထိန်းချုပ်မှုပြင်ပနယ်မြေဒေသများမှ နေရပ်စွန့်ခွာတိမ်းရှောင်သူများထံ အကူအညီများ ပေးပို့နိုင်ရန်ကြိုးပမ်းမှုကို စနစ်တကျကန့်သတ်ထားခဲ့ပါသည်။ ယခင်က ကုလသမဂ္ဂအနေဖြင့် အစိုးရထိန်းချုပ်မှုနယ်မြေ၊ ထိန်းချုပ်မှုပြင်ပနယ်မြေတို့ရှိ စခန်းများတွင်နေထိုင်ကြသည့် နေရပ်စွန့်ခွာတိမ်းရှောင်သူများထံသို့ အကူအညီပေးရေးပစ္စည်းများကို ယာဉ်တန်းများဖြင့် ပုံမှန်ပို့ဆောင်၊ သွားလာခွင့်ရရှိခဲ့သော်လည်း၊ ယခုအခါ ထိုကဲ့သို့ သွားလာနိုင်ခြင်းမရှိပါ။ ကုလသမဂ္ဂ နှင့် အခြား နိုင်ငံတကာအဖွဲ့အစည်းများသည် အစိုးရထိန်းချုပ်မှုပြင်ပ နယ်မြေ

*လူသားချင်းစာနာမှုဆိုင်ရာ အကူအညီများပေးရန် သွားလာနိုင်မှု ပိုမိုနည်းပါးလာ*

များရှိ နေရပ်စွန့်ခွာတိမ်းရှောင်သူ လူဦးရေ ၄၀,၀၀၀ ကျော်အတွက် ကယ်ဆယ်ရေး အကူပစ္စည်းများ ပေးပို့နိုင်ခြင်း မရှိပါ။ ထို့ပြင် အစိုးရထိန်းချုပ်မှုနယ်မြေအတွင်း၌ပင် ကုလသမဂ္ဂနှင့် အခြားလူသားချင်းစာနာမှုဆိုင်ရာ အကူအညီ ပေးရေးအဖွဲ့အစည်းများမှာ လူသားချင်းစာနာမှုဆိုင်ရာ အကူအညီများပေးနိုင်ရန်သွားလာခွင့် ပိုမို ကန့်သတ်ခံလာရ သည့်အတွက် အကူအညီများဖြန့်ဝေပေးနိုင်ရန် ပြည်တွင်း လူသားချင်းစာနာမှုဆိုင်ရာ အဖွဲ့အစည်းများအပေါ်တွင် အလွန်မှီခိုအားထားနေရပါသည်။ သို့သော်လည်း ဒေသခံ၊ ရပ်ရွာအခြေပြု အဖွဲ့အစည်းများသည်ပင် ၎င်းတို့၏ လုပ်ငန်းများဆောင်ရွက်ရာတွင် အခက်အခဲများ ပိုမို ကြုံတွေ့လာရကြောင်း အစီရင်ခံတင်ပြကြပါသည်။ တိုက်ပွဲများ ပိုမိုဖြစ်ပွားလာသော်လည်း နိုင်ငံတော်အစိုးရအနေဖြင့် အစိုးရ ထိန်းချုပ်မှုနယ်မြေပြင်ပဒေသရှိ နေရပ်စွန့်ခွာ တိမ်းရှောင်သူများကို အကူအညီများရယူလိုပါက အန္တရာယ်ရှိသည့် ရှေ့တန်းစစ်မျက်နှာပြင်ကို ဖြတ်ကျော်ပြီး အစိုးရ ထိန်းချုပ်မှုနယ်မြေဒေသတွင်းရှိ အစိုးရဘက်မှသတ်မှတ်ထားသည့် နေရာသို့ လာရောက်၍ အကူအညီများ ရယူ ရမည် ဟူသော မူဝါဒမှာ ဆက်လက်ရှိနေဆဲဖြစ်ပါသည်။ ရှမ်းပြည်နယ်တွင်းရှိ မုံးကိုးကဲ့သို့ တိုက်ပွဲဖြစ်ပွားနေသည့် အချို့ နေရာများသို့ နိုင်ငံတကာ အဖွဲ့အစည်းများနှင့် ပြည်တွင်း အဖွဲ့အစည်းအများစုသည် သွားလာခွင့်မရကြပါ။

မြန်မာနိုင်ငံ လူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ မစ္စရန်ဟီလီအနေဖြင့် ပြီးခဲ့သည့် ခရီးစဉ်အတွင်း ကချင်ပြည်နယ်ရှိ လိုင်ဇာနှင့် ဖားကန့် ဒေသများသို့ သွားလာခွင့် လျှောက်ထားခဲ့သော်လည်း ခွင့်ပြုချက် မရရှိခဲ့ပါ။

"ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ရခိုင်ပြည်နယ်မြောက်ပိုင်းတွင် လူသားချင်းစာနာမှုဆိုင်ရာ အကူအညီများ ပေးနိုင်ရန် သွားလာခွင့်အခြေအနေမှာ ကျွန်မနောက်ဆုံးလာခဲ့သည့်အချိန်ထက် ယခု အခြေအနေပိုမိုဆိုးလျက် ရှိပါသည်။ သွားလာခွင့်မှာ တစ်လထက်တစ်လ ပိုမိုလျော့နည်းလာလျက်ရှိပါသည်" ဟု မစ္စ လီ မှ ပြောခဲ့ပါသည်။

## ကုလသမဂ္ဂ၏ လူသားချင်းစာနာမှုဆိုင်ရာ အကြီးအကဲ ကချင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်သို့ လာရောက်

*ရခိုင်ပြည်နယ်ရှိ မွတ်စလင် အသိုင်းအဝိုင်း အနေဖြင့် ကျန်းမာရေး စောင့်ရှောက်မှုများ ညီမျှစွာ လက်လှမ်း မှီ ရရှိနိုင်စေရေး အရေးပေါ် ကယ်ဆယ်ရေး ဆိုင်ရာ ညှိနှိုင်းရေးမှူးမှ တိုက်တွန်း ပြောကြား*

### မြန်မာနိုင်ငံတွင် လူသားချင်းစာနာမှုဆိုင်ရာ အကူအညီပေးရေးဆောင်ရွက်မှုများ အားကောင်းစေရန် တောင်းဆိုပြောကြား

ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် လက်အောက်၊ လူသားချင်းစာနာမှုဆိုင်ရာ အရေးကိစ္စများနှင့် အရေးပေါ် ကယ်ဆယ်ရေးဆိုင်ရာ ညှိနှိုင်းရေးမှူး စတက်ဖန် အိုဘရိုင်ယန်သည် မြန်မာနိုင်ငံရှိ လူသားချင်းစာနာမှု ဆိုင်ရာ အခြေအနေများကို သုံးသပ်လေ့လာရန်အတွက် ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၁၁ ရက် မှ ၁၄ရက်နေ့ အတွင်းတွင် မြန်မာနိုင်ငံသို့ ရောက်ရှိခဲ့ ပါသည်။ မစ္စတာ အိုဘရိုင်ယန်၏ ခရီးစဉ်မှာ ကချင်နှင့်ရှမ်းပြည်နယ်များတွင် တိုက်ပွဲ များပြင်းထန်စွာ ဖြစ်ပွားနေချိန်နှင့် ရခိုင် ပြည်နယ်မြောက်ပိုင်းရှိ နယ်ခြားစောင့် စခန်းများ တိုက်ခိုက်ခံရမှု ဖြစ်ပွား အပြီး ရက်အနည်းငယ် အကြာတွင် စတင်ခဲ့ခြင်း ဖြစ်ပါသည်။



ဓာတ်ပုံ - ပယ်ရှန်၊ လူသားချင်းစာနာမှုဆိုင်ရာ ညှိနှိုင်းရေးရုံး။ ကချင် (အောက်တိုဘာ - ၂၀၁၆) - မြန်မာနိုင်ငံ ခရီးစဉ်အတွင်း ကချင်ပြည်နယ် ဝေကြိုင်နေရပ်စွန့်ခွာတိမ်းရှောင်သူစခန်းသို့ မစ္စတာ စတက်ဖန် အိုဘရိုင်ယန် ရောက်ရှိလာစဉ်။

*ဝက်ဘ်လင့်ခ် -*
*အရေးပေါ်ကယ်ဆယ်ရေး ဆိုင်ရာ ညှိနှိုင်းရေးမှူး ၏ ခရီးစဉ် အကြောင်းပိုမိုသိရှိနိုင်ရန်။*

- သတင်းစာရှင်းလင်းပွဲ
- ဓာတ်ပုံများ

မစ္စတာအိုဘရိုင်ယန်သည် ကချင်ပြည်နယ်သို့ရောက်ရှိစဉ် အချို့နေရာများတွင် လူသားချင်းစာနာမှုဆိုင်ရာ အကူအညီများ မရောက်နိုင်အောင် ပိတ်ဆို့ ထားမှုများအတွက် စိုးရိမ်ကြောင်းပြောကြားခဲ့ပြီး၊ အစိုးရ ထိန်းချုပ်မှုပြင်ပ နယ်မြေတွင်ရှိနေသည့် နေရပ်စွန့်ခွာ တိမ်းရှောင်သူများကို တိုက်ပွဲများဖြစ်နေသည့် နေရာများအား ဖြတ်ကျော်ပြီး လူသားချင်းစာနာမှု အကူအညီများ ရယူစေမည်ဆိုသည့် အချက်ကို မပြုလုပ်ရန် ဒေသတွင်း အာဏာပိုင်များအား တိုက်တွန်းခဲ့ပါသည်။ လက်ရှိ လူသားချင်းစာနာမှုဆိုင်ရာ အကူအညီများကို လက်ခံရယူနေသူ များမှာ အမျိုးသမီး နှင့် ကလေးငယ်များ၊ သက်ကြီး ရွယ်အိုများ၊ နာမကျန်းသူများ နှင့် မသန်စွမ်းသူများဖြစ်ကြောင်း မစ္စတာ အိုဘရိုင်ယန်မှ အလေးပေး ပြောကြား သွားခဲ့ပါသည်။ မစ္စတာအိုဘရိုင်ယန်သည်ရခိုင်ပြည်နယ်သို့ သွားရောက်ခဲ့ပြီး စခန်းများတွင် နေထိုင်လျက်ရှိသော နေရပ်စွန့်ခွာတိမ်းရှောင်သူ မွတ်စလင်များ၊ မောင်တောမှ လတ်တလော ရောက်ရှိလာသည့် နေရပ်စွန့်ခွာ တိမ်းရှောင်သူ ရခိုင်လူမျိုးများနှင့် တွေ့ဆုံခဲ့ပါသည်။

"ရခိုင်ပြည်နယ်တွင် လတ်တလောဖြစ်ပွားခဲ့သည့် အကြမ်းဖက်မှုဖြစ်စဉ်သည် အလွန်စိုးရိမ်ဖွယ်ကောင်းသည့် အခြေအနေဖြစ်ပြီး၊ နောက်ထပ် အကြမ်းဖက်မှုများကို ကာကွယ်ခြင်းနှင့် အရပ်သားများအား ကာကွယ်စောင့်ရှောက်ခြင်းမှာ ဦးစားပေး၊ ချက်ခြင်း ဆောင်ရွက်ရမည့်အရာဖြစ်ပါသည်။ ဖြစ်ပွားခဲ့သည့် အခြေအနေမှာ ရခိုင်ပြည်နယ်ရှိ လူထုအသိုင်းအဝိုင်းအားလုံးကိုထိခိုက်မှုရှိစေပြီး၊ ထိခိုက်လွယ်မှုအခြေအနေအရှိဆုံးသူများ၊ အထူးသဖြင့် လွတ်လပ်စွာသွားလာခွင့်မရှိသည့် မွတ်စလင်အသိုင်းအဝိုင်းမှလူများအတွက် ကျန်းမာရေး၊ ပညာရေးနှင့် အခြားမရှိမဖြစ်အရေးကြီးသည့် ဝန်ဆောင်မှုများ ပံ့ပိုးပေးမှုကို ဆက်လက်ထိခိုက်နိုင်ပါသည်။ ရခိုင်ပြည်နယ်ရှိ ပြည်သူအားလုံးသည် ၎င်းတို့၏လူမျိုး၊ ဘာသာ၊ သို့မဟုတ် နိုင်ငံသားဖြစ်မှုအပေါ်မူတည်မှုမရှိဘဲ ၎င်းတို့နှင့်အနီးစပ်ဆုံး ဆေးရုံ သို့မဟုတ် ဆေးကုသရေးစင်တာများ၊ ပုံမှန်ကျောင်းများနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများသို့ လုံခြုံမှုအပြည့်ဖြင့်သွားရောက်၍ ဝန်ဆောင်မှုများ ရယူခွင့်ရှိသင့်ပါသည်" ဟု မစ္စတာ အိုဘရိုင်ယန်မှ ပြောကြားခဲ့ပါသည်။

## မြန်မာနိုင်ငံတွင် လူသားချင်းစာနာမှုတုံ့ပြန်ရေးစီမံကိန်းအတွက် ရန်ပုံငွေ အမေရိကန်ဒေါ်လာ သန်း (၁၅၀) လိုအပ်

### ၂၀၁၇ ခုနှစ်တွင် မြန်မာနိုင်ငံ၌ အကူအညီလိုအပ်သူပေါင်း ၅၂၅,၀၀၀ ရှိ

မြန်မာနိုင်ငံတွင်ဖြစ်ပွားသည့် သဘာဝဘေးအန္တရာယ်များ၊ တိုက်ပွဲများနှင့် လူမှုရေး ပဋိပက္ခများကြောင့် ထိခိုက်ခံစားရသူ လူဦးရေ ၅ သိန်းကျော်၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် ကုလသမဂ္ဂနှင့် မိတ်ဖက် အဖွဲ့အစည်းများမှ ၂၀၁၇ခုနှစ် လူသားချင်းစာနာမှုဆိုင်ရာတုံ့ပြန်ရေးစီမံကိန်း ကို အမေရိကန်ဒေါ်လာ သန်း (၁၅၀) ဖြင့် စတင် လျာထားခဲ့ပါသည်။ ထိုစီမံကိန်းမှာ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ် နှင့် ရခိုင်ပြည်နယ်များရှိ ရပ်ရွာများ၊ နေရပ်စွန့်ခွာတိမ်းရှောင်သူစခန်းများ၊ လက်ခံရပ်ရွာများတွင် နေထိုင်နေကြရသော အမျိုးသမီး နှင့် ကလေးငယ် (၈၀) ရာခိုင်နှုန်းပါဝင်သည့် နေရပ်စွန့်ခွာတိမ်းရှောင်သူ ၂၁၈,၀၀၀ ကို ဦးတည်ပါသည်။ ထို့ပြင် ရွှေ့ပြောင်းရခြင်းမရှိဘဲ မိမိတို့၏ မူလရပ်ရွာများတွင်သာနေထိုင်နေရသော်လည်း လိုအပ်သည့် ဝန်ဆောင်မှုများကိုလက်လှမ်းမှီမှုမရှိဘဲ၊ လူသားချင်းစာနာမှုအကူအညီများနှင့် ကာကွယ်စောင့်ရှောက်မှုကို ဆက်လက်လိုအပ်လျက်ရှိသော ထိခိုက်လွယ်သည့်အခြေအနေရှိ လူပေါင်း ၃၀၇,၀၀၀ အတွက်လည်း ရည်မှန်းထားပါသည်။ ထို့ကြောင့်၂၀၁၇ ခုနှစ်တွင် အကူအညီများပေးရန်လိုအပ်သည့် လူဦးရေမှာ ၅၂၅,၀၀၀ ဖြစ်ပြီး၊ ၎င်းအရေအတွက်မှာ ၂၀၁၆ ခုနှစ်တွင် အကူအညီလိုအပ်သူ လူဦးရေ တစ်သန်းကျော်မှ လျော့နည်းသွားခြင်းဖြစ်ပါသည်။ လိုအပ်သည့် ရန်ပုံငွေပမာဏမှာလည်း ဒေါ်လာ သန်း ၁၉၀ မှ ၁၅၀ သို့ လျော့ကျသွားပါသည်။ ယင်းသို့ လျော့ကျသွားရခြင်းမှာ ၂၀၁၅ ခုနှစ် ရေဘေးတုံ့ပြန်ဆောင်ရွက်ရေးလုပ်ငန်းများ ပြီးဆုံးသွားခြင်းကြောင့်ဖြစ်ပြီး၊ စရိတ်သက်သာပြီး အကျိုးကျေးဇူးအများဆုံးရှိသည့် အကူအညီများဖြန့်ဝေပေးမှုနည်းလမ်းအသစ်များကြောင့်လည်းဖြစ်ပါသည်။ စုစုပေါင်း ရန်ပုံငွေ လိုအပ်ချက်တွင် ရန်ပုံငွေအများဆုံးအသုံးပြုရန်လိုအပ်နေသည့် ကဏ္ဍမှာ စားနပ်ရိက္ခာဖူလုံရေးအတွက် ဖြစ်ပြီး ဒေါ်လာ သန်း ၅၀ လိုအပ်မည်ဟု လျာထားပါသည်။ ၂၀၁၆ ခုနှစ်တွင် ကျင်းပခဲ့သည့် ကမ္ဘာ့လူသားချင်းစာနာမှုဆိုင်ရာ ထိပ်သီးညီလာခံတွင် ဆွေးနွေးခဲ့သည့်အကြောင်းအရာများနှင့်အညီ၊ လူသားချင်းစာနာမှုဆိုင်ရာတုံ့ပြန်ရေးစီမံကိန်းသည် ကုလသမဂ္ဂ

### ၂၀၁၇ ခုနှစ် လူသားချင်းစာနာမှုဆိုင်ရာ တုံ့ပြန်ဆောင်ရွက်ရေး စီမံကိန်း၏ အဓိက အချက်များ

**ပညာရေး**
အကူအညီလိုအပ်သူ လူဦးရေ ၁၄၁,၀၀၀
အမေရိကန်ဒေါ်လာ ၇.၁ သန်း လိုအပ်

**စားနပ်ရိက္ခာဖူလုံရေး**
အကူအညီလိုအပ်သူ လူဦးရေ ၃၈၃,၅၂၅
အမေရိကန်ဒေါ်လာ ၅၀ သန်း လိုအပ်

**ကျန်းမာရေး**
အကူအညီလိုအပ်သူ လူဦးရေ ၄၇၄,၂၂၈
အမေရိကန်ဒေါ်လာ ၁၆.၅ သန်း လိုအပ်

**အာဟာရ**
အကူအညီလိုအပ်သူ လူဦးရေ ၁၂၁,၆၅၈
အမေရိကန်ဒေါ်လာ ၁၄.၁ သန်း လိုအပ်

**ကာကွယ်စောင့်ရှောက်ရေး**
အကူအညီလိုအပ်သူ လူဦးရေ ၂၂၄,၃၃၆
အမေရိကန်ဒေါ်လာ ၂၀.၂ သန်း လိုအပ်

**စခန်းညှိနှိုင်းဆောင်ရွက်မှုနှင့် စီမံခန့်ခွဲမှု/နေထိုင်ရာ အမိုးအကာ/ အစားအစာ မဟုတ်သည့်  ပစ္စည်းများ**
အကူအညီလိုအပ်သူ လူဦးရေ ၂၁၇,၅၁၄
အမေရိကန်ဒေါ်လာ ၂၀.၃ သန်း လိုအပ်

**ရေ ၊ ပတ်ဝန်းကျင် နှင့် တစ်ကိုယ်ရည် သန့်ရှင်းရေး**
အကူအညီလိုအပ်သူ လူဦးရေ ၃၅၆,၀၁၄
အမေရိကန်ဒေါ်လာ ၁၇ သန်း လိုအပ်

**ညှိနှိုင်းဆောင်ရွက်ရေး နှင့် ပံ့ပိုးဝန်ဆောင်မှုများ အတွက်**
အမေရိကန်ဒေါ်လာ ၅.၁ သန်း လိုအပ်

အထွေထွေအတွင်းရေးမှူးချုပ်၏ 'လူသားချင်းစာနာမှုထားရေးလုပ်ငန်းစဉ်'ကို မြန်မာနိုင်ငံတွင် အကောင်အထည်ဖော်နိုင်ရန် မူဘောင်ချမှတ်ပေးခြင်းဖြစ်ပါသည်။



ဓာတ်ပုံ - လူသားချင်းစာနာမှုဆိုင်ရာညှိနှိုင်းရေးရုံး
ရခိုင်ပြည်နယ် (ဩဂုတ်လ ၂၀၁၆) - စစ်တွေ မြို့အစွန်အဖျားရှိ ဘော်ဒူဖာနေရပ်စွန့်ခွာတိမ်းရှောင်သူစခန်း (၂) တွင် ရှိသည့် ကလေးငယ်များ အတွက် ယာယီစာသင်ကြားသည့်နေရာ။

၂၀၁၆ ခုနှစ် လူသားချင်းစာနာမှုဆိုင်ရာ တုံ့ပြန်ရေးစီမံကိန်း တွင် တောင်းခံခဲ့သည့် အမေရိကန် ဒေါ်လာ သန်း ၁၉၀ မှ နှစ်ကုန်ဆုံးချိန်တွင် ဒေါ်လာ ၁၀၄ သန်း ရရှိခဲ့ပြီး၊ တောင်းခံခဲ့သည့် ရန်ပုံငွေ၏ ၅၅ ရာခိုင်နှုန်းကို ရရှိခဲ့ခြင်းဖြစ်ပါသည်။ ကြီးမားသည့် လိုအပ်ချက်များ ရှိခဲ့သော်လည်း၊ အချို့ကဏ္ဍများမှာ ရန်ပုံငွေရရှိမှု အလွန် နည်းပါးခဲ့ပါသည်။ အလှူရှင်များထံမှ ရန်ပုံငွေ အနည်းဆုံး ရရှိခဲ့သည့် ကဏ္ဍများမှာ ပညာရေး (၁၄%) နှင့် ကျန်းမာရေး (၁၃%) တို့ဖြစ်ကြပါသည်။ ၂၀၁၇ ခုနှစ်တွင် ကလေးငယ်ပေါင်း ၁၄၀,၀၀၀ ကျော်မှာ ပညာရေးနှင့်သက်ဆိုင်သည့် အကူအညီများလိုအပ်မည်ဟု ခန့်မှန်းထားပြီး ထိုလိုအပ်ချက်များကို ဖြည့်ဆည်းနိုင်ရန်အတွက် လူသားချင်းစာနာမှုဆိုင်ရာတုံ့ပြန်ရေးစီမံကိန်းမှတစ်ဆင့် အမေရိကန်ဒေါ်လာ ၇.၁ သန်း တောင်းခံထားပါသည်။ ရခိုင်ပြည်နယ်ရှိ စခန်းများတွင် နေထိုင်နေကြရသည့် နေရပ်စွန့်ခွာတိမ်းရှောင်သူ ကလေးသူငယ်များနှင့် ဆရာ၊ဆရာမများ တွေ့ကြုံနေရသည့် ပညာရေးဆိုင်ရာ အခက်အခဲများအား သိရှိနိုင်ရန်အတွက် လူသားချင်းစာနာမှုဆိုင်ရာညှိနှိုင်းရေးရုံးမှ အသစ်ရိုက်ကူးထားသည့် ဖြစ်ရပ်မှန်အခြေခံ "မျှော်လင့်ချက်ထားတတ်စေ" (Learning to Hope) ဗီဒီယို အားကြည့်ရှုလေ့လာနိုင်ပါသည်။

## လူသားချင်းစာနာမှုဆိုင်ရာ ညှိနှိုင်းရေးရုံးမှ ထုတ်ဝေသည့် သတင်းအချက်အလက် အသစ်များ

*ကရင်နှင့် ရှမ်းပြည်နယ်တောင်ပိုင်း၏ နောက်ဆုံးရ အချက်အလက်များ။ ၇ အောက်တိုဘာ ၂၀၁၆*

*မြန်မာနိုင်ငံရှိ ကုလသမဂ္ဂဌာနေ ညှိနှိုင်းရေးမှူးနှင့် လူသားချင်းစာနာမှုဆိုင်ရာညှိနှိုင်းရေးမှူး၏ ထုတ်ပြန်ချက်။ ၁၁ အောက်တိုဘာ ၂၀၁၆*

*မြန်မာနိုင်ငံ၊ လူသားချင်းစာနာမှုဆိုင်ရာ သတင်းလွှာအနှစ်ချုပ်။ ၃၁ အောက်တိုဘာ ၂၀၁၆*

*ရခိုင်ပြည်နယ်ရှိ နေရပ်စွန့်ခွာတိမ်းရှောင်သူ စခန်းများ တည်နေရာပြ မြေပုံ။ စက်တင်ဘာ ၂၀၁၆*

*ကချင်နှင့် ရှမ်းပြည်နယ်ရှိ နေရပ်စွန့်ခွာ တိမ်းရှောင်သူစခန်းများ တည်နေရာပြ မြေပုံ။ စက်တင်ဘာ ၂၀၁၆*

*ရှမ်းပြည်နယ်တွင် အသစ်ထပ်မံ နေရပ်စွန့်ခွာ တိမ်းရှောင်ရမှုနှင့် နေရပ်ပြန်မှု အခြေအနေ။ လူသားချင်းစာနာမှုဆိုင်ရာ ညှိနှိုင်းရေးရုံး၊ စက်တင်ဘာ-နိုဝင်ဘာ ၂၀၁၆*

*မြန်မာနိုင်ငံ၊ လူသားချင်းစာနာမှုဆိုင်ရာ သတင်းလွှာအနှစ်ချုပ်။ ၃၁ အောက်တိုဘာ ၂၀၁၆*

*မြန်မာနိုင်ငံ လူသားချင်းစာနာမှုဆိုင်ရာ တုံ့ပြန်ဆောင်ရွက်ရေး စီမံကိန်း။ ဇန်နဝါရီ - ဒီဇင်ဘာ ၂၀၁၇*


*မြန်မာနိုင်ငံ၊ ရခိုင်ပြည်နယ်မြောက်ပိုင်းရှိ လူသားချင်းစာနာမှုဆိုင်ရာ အခြေအနေ။ ၁၃ ဒီဇင်ဘာ ၂၀၁၆*

*မြန်မာနိုင်ငံ၊ လူသားချင်းစာနာမှုဆိုင်ရာ လိုအပ်ချက်များ၊ အကျဉ်းချုပ်။ ၂၀၁၇*

*မြန်မာနိုင်ငံရှိ ကုလသမဂ္ဂဌာနေ ညှိနှိုင်းရေးမှူးနှင့် လူသားချင်းစာနာမှုဆိုင်ရာ ညှိနှိုင်းရေးမှူး၏ ထုတ်ပြန်ချက်။ ၂၀ ဒီဇင်ဘာ ၂၀၁၆*

*မြန်မာနိုင်ငံ၊ လူသားချင်းစာနာမှုဆိုင်ရာ သတင်းလွှာအနှစ်ချုပ်။ ဒီဇင်ဘာ ၂၀၁၆*

## ၂၀၁၇ ခုနှစ် လူသားချင်းစာနာမှုဆိုင်ရာ တုံ့ပြန်ဆောင်ရွက်ရေး စီမံကိန်း




ထပ်မံသိရှိလိုပါက ဆက်သွယ်ရန် -

**ဒယ်နီယံ ပယ်ရီ** ၊ အစီရင်ခံစာများ နှင့် လူထုသတင်းထုတ်ပြန်ရေး အရာရှိ ၊ parryd@un.org ၊ ဖုန်း (+၉၅) ၉၇၉ ၇၀၀၇ ၈၁၆

**ဖျဲပယ်ရွန်** ၊ ပြန်ကြားဆက်သွယ်ရေးအရာရှိ ၊ peronp@un.org ၊ ဖုန်း (+၉၅) ၉၇၉ ၇၀၀၇ ၈၁၅

OCHA လူသားချင်းစာနာမှုသတင်းလွှာများ ရယူရန် - www.unocha.org/Myanmar | www.unocha.org | www.reliefweb.int

ကုလသမဂ္ဂလူသားချင်းစာနာမှုဆိုင်ရာ ညှိနှိုင်းရေးရုံး လူမှုကွန်ယက်စာမျက်နှာ www.facebook.com/OCHAMyanmar